# မြန်မာသတင်းလွှာ


မြန်မာနိုင်ငံမှတလအတွင်းဖြစ်ရပ်များအားသုံးသပ်မှု

A L T E R N A T I V E   A S E A N   N E T W O R K   O N   B U R M A

campaigns, advocacy & capacity-building for human rights & democracy

အမှတ်စဉ် ၁၂၁ ၂၀၁၇ ခု ဇန်နဝါရီ


မွတ်စလင်လူ့အခွင့်အရေးကာကွယ်သူနှင့်NLDဥပဒေအကြံပေးလုပ်ကြံသတ်ဖြတ်ခံရခြင်း။

- ရိုဟင်ဂျာမွတ်စလင်ကိုဆန့်ကျင်ညှင်းပမ်းနှိပ်စက်သည့် ဗီဒီယိုမှတ်တမ်းကျယ်ပြန့်စွာပေါ်ထွက်လာပြီးနောက် အစိုးရစုံစမ်းစစ်ဆေးမှုများ ချက်ခြင်းဖြစ်စေခဲ့။
- တပ်မတော်၏ ရက်စက်စွာကျူးလွန်သောကလေးသူငယ်များကိုသတ်ဖြတ်မှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို အသက် ရှင်ကျန်ရစ်သည့် ကလေးများအပါအဝင် ရိုဟင်ဂျာများက မှတ်တမ်းပြုစုသူများနှင့် မီဒီယာများသို့ ပြောသည်။
- ကုလသမဂ္ဂအထူးကိုယ်စားလှယ်မစ္စယန်ဟီလီက မြန်မာနိုင်ငံသို့၁၂ရက်ကြာခရီး။
- ရခိုင်ပြည်နယ်တွင် မြန်မာအစိုး ရမှ "စမတ်"သက်သေခံကဒ်များကို "အတည်ပြုထားသောနိုင်ငံသားများအား" ထုတ်ပေး။
- နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လက်မှတ်ထိုးထားသည့် လက်နက်ကိုင်အဖွဲ့များ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် တွေ့ဆုံဆွေးနွေးခဲ့သည်။
- တပ်မတော်မှ ကချင်လွတ်မြောက်ရေးတပ်မတော်ကို ထိုးစစ်ဆင်မှုတိုးမြင့်ခဲ့။ တရုတ်ပြည်ဘက်ထွက်ပြေးရန် ကြိုးစားခဲ့သည့်လူဦးရေ အနည်းဆုံး ၄၀၀၀ခန့်အတင်းအကြပ်ပြန်ပို့ခံရ။
- ကချင်တရားဟောဆရာ၂ဦးပျောက်ဆုံးမှု၂ပါတ်ကြာပြီးနောက် တပ်မတော်မှ၎င်းတို့အား ထိန်းသိမ်းထားကြောင်းအတည်ပြုခဲ့။
- စစ်ဆန့်ကျင်ရေးစင်တင်သရုပ်ဖော်မှုဖြင့်အထက်တန်းကျောင်းသား၉ဦးအား အသရေပျက်စေမှုဖြင့် တပ်မတော်မှ တရားစွဲ။
- မြန်မာနိုင်ငံသည် ၂၀၁၇ခုနှစ်အတွက် အစီရင်ခံစာ မတင်သွင်းနိုင်ခဲ့လျှင် တွင်းထွက်သယံဇာတ တူးဖော်မှုလုပ်ငန်းများပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး(EITI)မှ ရပ်ဆိုင်းခံရမည့်အခြေအနေသို့ရောက်သွားနိုင်။
- မလေးရှားမှ အိမ်ရှင်အဖြစ်လက်ခံပြုလုပ်သည့် အစ္စလမ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့OIC အစည်းအဝေးမှ နိုင်ငံတကာသို့ရိုဟင်ဂျာများအား လူမျိုးတုန်းသတ်ဖြတ်မှုများအပေါ် တားဆီးရန်အတွက် ဆောင်ရွက်ရန်တောင်းဆို။
- အစ္စရေးလှုပ်ရှားတက်ကြွသူများက မြန်မာတပ်မတော်အား လက်နက်တင်ပို့ခြင်းအပေါ် ဆန္ဒပြ။

ဤသတင်းလွှာတွင်


**မွတ်စလင်ဆန့်ကျင်မှု မြန်မာနိုင်ငံတွင် ကြီးထွားမြင့်တက်**
၂ မွတ်စလင်လူ့အခွင့်အရေးကာကွယ်သူနှင့် NLD ဥပဒေအကြံပေး ဦးကိုနီ လုပ်ကြံခံရခြင်း
၂ တပ်မတော်မတရားပြုမှုခြင်းများနှင့် ရိုဟင်ဂျာမွတ်စလင်အစီရင်ခံစာ။
၃ မြန်မာအစိုးရ၏ငြင်းပယ်ချက်
၃ တရားမျှတမှုအတွက် နိုင်ငံတကာမှ တောင်းဆို
**လူသားချင်းစာနာမှုဆိုင်ရာ**
၄ မလေးရှားမှ အစားအစာအဖွဲ့
**အိုးအိမ်ပြောင်းရွှေ့ခြင်း**
၄ ဘင်္ဂလားဒေ့ရှ်မှ ရိုဟင်ဂျာဒုက္ခသည်များ
၅ ကချင်ရွှေ့ပြောင်းသူများ ထပ်မံထွက်ပြေးနေရ
**လူ့အခွင့်အရေး**
၅ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မြန်မာပြည်ခရီး
၆ ကချင်တရားဟောဆရာ၂ဦးအား တပ်မတော်မှ ဖမ်းဆီး
၇ မွတ်စလင်အခန်းအနားရပ်ဆိုင်း
**အမျိုးသမီးအခွင့်အရေး**
၈ လွန်ခဲ့သော၂နှစ်က အဓမ္မပြုကျင့် အသတ်ခံရသည့် ကချင်ဆရာမ၂ဦးအတွက် တရားမျှတမှု မရှိသေး
**တိုင်းရင်းသားရေးရာနှင့်ပဋိပက္ခများ**
၈ ငြိမ်းချမ်းရေးညီလာခံဆွေးနွေးမှု
**တပ်မတော်**
၁၀ မြန်မာသမတ တပ်မတော်ကို ဂုဏ်ပြု
၁၀ တပ်မတော်စစ်သားအပြစ်ရှိကြောင်းတွေ့ရှိ
**ဒီမိုကရေစီနှင့် အုပ်ချုပ်မှု**
၁၀ ဒစ်ဂျစ်တယ် အမျိုးသားမှတ်ပုံတင်ကတ် စမ်းသပ်
**ပါလီမန်စောင့်ကြည့်ရေး**
၁၁ မြန်မာကုမ္ပဏီဥပဒေ
**စီးပွားရေး**
၁၂ ရန်ကုန်မြို့ ဘတ်စ်ကားစနစ်
**သဘာဝအရင်းအမြစ်**
၁၂ EITI မှ ရပ်ဆိုင်းထားခြင်း မြန်မာရင်ဆိုင်ရဖွယ်ရှိ
၁၂ စားအုန်းဆီထုတ်လုပ်မှု တနင်္သာရီတိုင်းမှ ဒေသခံအသက်မွေးသူများအား ထိခိုက်ဖွယ်ရှိ
**နိုင်ငံတကာဆက်ဆံရေး**
၁၃ အစ္စရေးမှ မြန်မာသို့ လက်နက်ရောင်းချ
**၁၃ အစီရင်ခံစာများ**



P O BOX 296, LARDPRAO POST OFFICE, BANGKOK 10310, THAILAND
TEL ▼ 081 850 9008 ▼ [6681] 850 9008 EMAIL ▼ publications@altsean.org WEB ▼ www.altsean.org

## မွတ်စလင်လူ့အခွင့်အရေးကာကွယ်သူနှင့် NLD ဥပဒေအကြံပေး ဦးကိုနီ လုပ်ကြံခံရခြင်း

အစိုးရကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် အင်ဒိုနီးရှားခရီးစဉ်မှပြန်လာသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအကြံပေး ဆိုင်ရာရှေ့နေကြီးဦးကိုနီသည် ဇန်နဝါရီ၂၉ရက်နေ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည်။ သူသည် ရခိုင်ပြည်နယ်အခြေအနေများကို တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးမှ ပြန်လာခဲ့ခြင်းဖြစ်သည်။ ဦးကိုနီသည်ထင်ရှားသည့် လူ့ အခွင့်အရေးခုခံကာကွယ်သူဖြစ်ပြီး အခြေခံဥပဒေပြုပြင်ပြောင်းလဲရေးနှင့် ဘာသာရေးအစွဲ မကြီးသူဖြစ်သည်။ သူသည် မြန်မာဥပဒေလူမျိုး၊ဘာသာသာသနာကာကွယ်မှုကို ပြင်းထန်စွာဆန့်ကျင်ပြီး ဒီမိုကရေစီ၊ တရားမျှတမှု၊ တရားဥပဒေစိုးမိုးရေးတို့အတွက် အားကြိုးမာန်တက်လုပ်ဆောင်နေသူလည်းဖြစ်သည်။

ရဲတပ်ဖွဲ့မှ သေနတ်သမားကြည်လင်းကိုဖမ်းဆီးခဲ့သည်။ သို့သော်လုပ်ကြံမှုတွင် လူများစွာပါဝင်ပတ်သက်မှုရှိသည်ဟုပြော သည်။ ကြည်လင်းမှ ဦးကိုနီအားသတ်ဖြတ်ရန်အတွက် မြင့်ဆွေဆိုသူက ငှားရမ်းခဲ့ကြောင်းပြောသည်။ သို့သော် လူသတ်မှုနောက်ကွယ်မှလှုံ့ဆော်မှုနှင့် ရည်ရွယ်ချက်အစီအစဉ်အပေါ် သတင်းအချက်အလက်များအား ထုတ်ဖော်ခြင်းမရှိပေ။ ဦးကိုနီသည် အသက်အန္တရာယ် ခြိမ်းခြောက်ခံရမှုများကို မကြာခဏလက်ခံရရှိခဲ့ကြောင်း၊ မိသားတစ်စုလုံး ယုံကြည်ကိုးကွယ်ရာမတူညီမှုကြောင့်လည်း လူမုန်းများကြောင်း၊ သို့အတွက် ယခုကဲ့သို့ ဖြစ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း သို့ သော်မည်သည့်အတွက်ကိုမူ မသိနိုင်ကြောင်း သမီးဖြစ်သူမရင်နွယ်ခိုင်မှ ပြောကြားခဲ့သည်။ ယမန်နှစ်ကဦးကိုနီသည် မွတ်စလင်အခွင့်အရေးနှင့်ဘာသာရေး သဟဇာတဖြစ်ရေးအတွက် ပြင်းထန်စွာ စည်းရုံးလှုံ့ဆော်ပြီး မြန်မာမွတ်စလင်ရှေ့နေများအသင်းကို တည်ထောင်ခဲ့သူဖြစ်သည်။ သူသည် မြန်မာနိုင်ငံဗုဒ္ဓဘာသာအမျိုးသားရေးဝါဒီများ၏ မွတ်စလင်ဆန့်ကျင်မှုသဘောထားများနှင့် မြန်မာနိုင်ငံအပေါ် တပ်မတော်၏အင်အားကြီးသည့် အခန်းကဏ္ဍကို ထောက်ပြဝေဖန်ခဲ့သည်။

NLDမှ တရားဝင်ထုတ်ဖော်ပြောကြားရာတွင် လုပ်ကြံမှုသည် သေချာစွာပြင်ဆင်ထားသည့် အကြောက်တရားကင်းသည့် လုပ်ဆောင်မှုဖြစ်ပြီး အမုန်းစကား၊ အမုန်းတရားရာဇဝတ်မှုများနှင့် ခွဲခြားဆက်ဆံခြင်းများအပေါ် သဟဇာတဖြစ်သည့် ဥပဒေပြင်ဆင်ပြဌာန်းချက်များနှင့်အတူ ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲနေသည့် ဥပဒေကျွမ်းကျင်သူကို သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။ လူ့အခွင့်အရေးအဖွဲ့များနှင့် ကုလသမဂ္ဂတို့မှ လူသတ်မှုအားလေးနက်စွာ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်နှင့် နောက်ကွယ်မှပါဝင်မှုတို့အား ဖော်ထုတ်ရန် မြန်မာနိုင်ငံသို့ တရားဝင်တောင်းဆိုခဲ့သည်။

## တပ်မတော်ညှင်းပမ်းနှိပ်စက်မှု ရိုဟင်ဂျာအစီရင်ခံစာ

ဇန်နဝါရီလက လူနည်းစုရိုဟင်ဂျာများကို ရဲများကနှိပ်စက်နေခြင်း ဗီဒီယိုမှတ်တမ်းတစ်ခု အင်တာနက်တွင် လျင်မြန်စွာပျံ့နှံ့ခဲ့သည်။ ရခိုင်ပြည်နယ်ကိုတန်းကောက်တွင် ရဲများက အကာအကွယ်မဲ့ရိုဟင်ဂျာတို့ကို ရိုက်နှက်နေမှုအား ရဲဝန်ထမ်းတစ်ဦးမှဗီဒီယိုရိုက်ကူး၍ လုပ်ဖော်ကိုင်ဖက်များအား ပြသခဲ့ခြင်းဖြစ်သည်။ အများပြည်သူတို့၏ ဒေါသနှင့်တုန်လှုပ်မှုကို တုန့်ပြန်သောအားဖြင့် ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ပြစ်ဒဏ်ချခြင်းတို့ကို ပြုလုပ်မည်ဖြစ်ကြောင်း အစိုးရမှပြောကြားခဲ့သည်။
ဤအတောအတွင်း ခံစားရသူရိုဟင်ဂျာများနှင့် မျက်မြင်သက်သေများက တပ်မတော်မှ သူတို့အားလူ့အခွင့်အရေးဆိုင်ရာဆန့်ကျင်ချိုးဖောက်မှုများရှိခဲ့ကြောင်း ဆက်လက်အစီရင်ခံတင်ပြလျက်ရှိသည်။ စစ်တပ်မှ ၎င်းတို့အိမ်များကိုမီးရှို့ကာရင်းမောင်နှမသားချင်းများကို မီးထဲသို့ပစ်သွင်းခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ် ရိုဟင်ဂျာဒုက္ခသည်စခန်းမှ ကလေးငယ်များကပြောကြားခဲ့သည်။ ရိုဟင်ဂျာအမျိုးသမီးများက တပ်မတော်မှ သူတို့ချစ်ခင်ရသေူများကိုသတ်ဖြတ်ပြီးများ မကြာမီပြန်ပေးဆွဲခံရပြီး ရက်ပေါင်းများစွာ အုပ်စုလိုက်အဓမ္မပြုကျင့်ခြင်းခံရကြောင်းပြောကြားခဲ့သည်။ ကူညီထောက်ပံ့သည့်အဖွဲ့အစည်းများမှ အရာရှိများနှင့်အလုပ်သမားများက ရိုဟင်ဂျာအမျိုးသ မီးအများအပြားကို စစ်တပ်မှအဓမ္မပြုကျင့်ကြောင်းအတည်ပြုသော်

လည်း အမျိုးသမီးများကိုယ်တိုင်ရှက်ရွံ့ခြင်းကြောင့် အကြမ်းဖက်မှုများအား ထုတ်ဖော်ပြောဆိုခြင်းမရှိပေ။ HRWမှ တင်ပြအစီရင်ခံထားသည့် လိင်ပိုင်းဆိုင် ရာအကြမ်းဖက်မှုများအား အစိုးရသည်လေးနက်သည့် စုံစမ်းစစ်ဆေးမှုကိုပြုလုပ်ရမည့်အစား စက်ဆုပ်ဖွယ်ရာငြင်းပယ်နေသေးကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့မှ ဒါရိုက်တာPhill Robertson က ပြောကြားခဲ့သည်။

## မြန်မာအစိုးရမှ လူ့အခွင့်အရေးချိုးဖောက်မှုများကို ငြင်းပယ်

နိုင်ငံတော်အတိုင်ပင်ခံသတင်းပြန်ကြားရေးရုံးကော်မတီမှ ဇန်နဝါရီ၃ရက်နေ့က ရိုဟင်ဂျာမွတ်စလင်များအပေါ် ညှင်းပန်းနှိပ်စက်မှုများပြုလုပ်သည်ကို ဝါဒဖြန့်ချီရေးသမားများမှ သတင်းတုများဖန်တီးကာ မြန်မာအစိုးရကို ယုံကြည်မှုပျက်ပြားစေအောင်လုပ်သည်ဟုဆိုကာ စွပ်စွဲချက်များကိုငြင်းပယ်ခဲ့သည်။ ၎င်းနေ့မှာပင်အမျိုးသားစုံစမ်းစစ်ဆေးရေးကော်မရှင်မှရခိုင်ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများအား ကောလဟာလနှင့် သတင်းလုပ်ကြံမှုများအဖြစ် သေးငယ်အောင် ပြုလုပ်ခဲ့ပြီး အဓမ္မပြုကျင့်မှုများအား သက်သေအထောက်အထား မခိုင်လုံသည့် စွပ်စွဲချက်များဖြစ်သည်ဆိုသော ကြားဖြတ်အစီရင်ခံစာတစ်စောင်ကိုထုတ်ပြန်ခဲ့သည်။ စုံစမ်းစစ်ဆေးရေးကော်မရှင်မှ ၎င်းဒေသတွင်ဗလီများတွေမြင်ခဲ့သည့်အတွက် လူမျိုးတုန်းသတ်ဖြတ်မှုနှင့် ညှင်းပန်းနှိပ်စက်မှုမရှိကြောင်း၊ အဟာရချို့တဲ့မှုများလည်းမရှိဟုဆိုကာ အစီရင်ခံစာကို အဆုံးသတ်ခဲ့သည်။ အစီရင်ခံစာတင်ပြရန် နောက်ဆုံးသတ်မှတ်ရက်မှာ ဇန်နဝါရီ၃၁ရက်ဖြစ်ပြီး ထပ်မံစွပ်စွဲချက်များအား စုံစမ်းစစ်ဆေးနိုင်ရန် သတ်မှတ်ရက်ကို ရွှေ့ဆိုင်းလိုက်သည်။

## တရားမျှတမှုအတွက် နိုင်ငံတကာအသိုင်းအဝန်းမှ တောင်းဆို

လူ့အခွင့်အရေးဆောင်ရွက်သူများက အစိုးရ၏လျစ်လျူရှုပြုမူပုံကို ပြင်းထန်စွာထောက်ပြဝေဖန်ခဲ့သည်။ လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က ကြားဖြတ်အစီရင်ခံစာသည် ပြင်ဆင်တင်ပြပုံချို့ယွင်းချက်များနှင့်အမှန်တကယ်စုံစမ်းစစ်ဆေးမှုများအစား အကျယ်မှန်းဆချက်များပေါ်အခြေခံသည့် အကောင်းဆုံးနမူနာတခုဖြစ်သည့် ကြိုတင်ပြင်ဆင်ထားပြီးသားနိုင်ငံရေးကောက်ချက်များသာဖြစ်သည်ဟုပြောကြားခဲ့သည်။ စစ်တပ်ကို စုံစမ်းစစ်ဆေးမှုပြုမည့်ကော်မရှင်တွင် တပ်မတော်ဗိုလ်ချုပ်ဟောင်းမှ ဦးဆောင်မှုတာဝန်ကို မယူသင့်ကြောင်း ကြားဖြတ်အစီရင်ခံစာပါ အချက်များသည် အရပ်သားများအားသုတေသနပြုသူများ တွေ့ဆုံမေးမြန်းမှုများမှရထားသည့်အထောက်အထားများနှင့်ထွေလာဆန့်ကျင်နေကြောင်း Fortify Rights လူ့အခွင့်အရေးအဖွဲ့မှ Matthew Smithကပြောကြားခဲ့သည်။ ဇန်နဝါရီ၁၈ရက်က မြန်မာ့အရပ်ဘက်လူမှုအဖွဲ့အစည်း ၄၁ဖွဲ့မှ မတူကွဲပြားနေသည့် ပဋိပက္ခများနောက်ကွယ်မှ အမှန်တရားထွက်ပေါ်လာရေးအတွက် စစ်မှန်ပြီး လွတ်လပ်သော နိုင်ငံတကာစုံစမ်းစစ်ဆေးမှုတခုပြုလုပ်ရန် တောင်းဆိုခဲ့ကြသည်။

ဇန်နဝါရီ ၁၉ရက်နေ့က မလေးရှားနိုင်ငံကွာလာလမ်ပူတွင် အစ္စလမ်မစ်ကော်ပိုရေးရှင်းအဖွဲ့အစည်း OICသည် အရှိန်မြင့်တက်ဖြစ်ပွားနေသည့် ရိုဟင်ဂျာမွတ်စလင်များအား အကြမ်းဖက်ဆန့်ကျင်သည့်အရေးနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။  OIC မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် မစ္စတာSyed Hamid Albarက မြန်မာနိုင်ငံတွင် လူမျိုးတုံးသတ်ဖြတ်မှုကို ရှောင်ရှားနိုင်ရန် ကုလသမဂ္ဂမှကြားဝင်ပေးရန် လိုအပ်သည်ဟုပြောဆိုခဲ့သည်။ မလေးရှားဝန်ကြီးချုပ်နာဂျစ်ရာဇတ်မှ မြန်မာအနေဖြင့် ရိုဟင်ဂျာမွတ်စလင်များအားအကြမ်းဘက်မှုများကို အဆုံးသတ်ရန်နှင့် လူမျိုးတုံးသတ်ဖြတ်မှုအားရပ်တန့်ရန် အစ္စလမ်မစ်နိုင်ငံများမှ ကြားဝင်ဖြန်ဖြေရန်တောင်းဆိုခဲ့သည်။ မြန်မာအစိုးရမှမလေးရှားနိုင်ငံစီစဉ်ပြုလုပ်သည့် အစ္စလမ်မစ်အဖွဲ့ OIC အစည်းအဝေးအားမကြိုဆိုကြောင်းနှင့် နိုင်ငံရေးအရ တစုံတရာအသေအချာ ကြံစည်နေခြင်းဖြစ်သည်ဟု မလေးရှားနိုင်ငံအား စွပ်စွဲပြောဆိုလိုက်သည်။

ဇန်နဝါရီ ၂၃ရက်နေ့က ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆင် မြန်မာနိုင်ငံသို့အလည်ပတ်ရောက်စဉ် ရိုဟင်ဂျာများအပေါ်အကြမ်းဖက်မှုအားရပ်တန့်ရန် ဖိအားပေးခဲ့သည်။  ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ Alok Sharmaမှ   တပ်မတော်သည် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက်တာဝန်ရှိသည်ဟု ပြောကြားခဲ့သည်။ ဇန်နဝါရီ၂၄ရက်နေ့က ဘင်္ဂလားဒေ့ရှ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဝန်ကြီးဌာနဝန်ကြီး Mofazzel Hossain Chowdhury Maya မှ ဒုက္ခသည်စခန်းတွင်းရှိရိုဟင်ဂျာအမျိုးသမီးများ၏ အဓ မ္မပြုကျင့်ခံရသည့်ကိစ္စများအပေါ် စုံစမ်းမှုများပြုလုပ်သွားမည်ကြောင်း  ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်လူ့အခွင့်အရေးကော်မရှင်ဥက္ကဌ Kazi Reazul Haqမှ ယခုဖြစ်စဉ်များအတွက် မြန်မာနိုင်ငံသည်သာတာဝန်ရှိကြောင်း ပြောကြားခဲ့သည်။

**ပတ်သက်နေသည့် ဖြစ်ပေါ်တိုးတက်မှုများ**
ဇန်နဝါရီ ၄။ မလေးရှားတန်ပြန်အကြမ်းဖက်မှုတာဝန်ရှိသူ Ayob Khan Mydin Pitchayမှ မြန်မာသည် ရိုဟင်ဂျာမွတ်စလလင်များအပေါ်ညှင်းပန်းနှိပ်စက်မှုကြောင့်အစ္စလမ်မစ်နိုင်ငံများဖြစ်သည့် အီရတ်နှင့်ဆီးရီးယား(အိုက်စစ်)တို့မှ ခြိမ်းခြောက်ခံရမှုများ ကြီးထွားလာနိုင်ပြီး တိုက်ခိုက်မှုများရင်ဆိုင်ရဖွယ်ရှိကြောင်း သတိပေးပြောကြားလိုက်သည်။

ဇန်နဝါရီ ၂၀။ ပါတာကရွာ မောင်းတောမြို့နယ်တွင် သေဆုံးနေသည့် မွတ်စလင်အမျိုးသား၃ဦးအား ထပ်မံတွေ့ရှိရသည်။ ၎င်းတို့ ခန္ဓာကိုယ်များပေါ်တွင် အကြမ်းဖက်နှိပ်စက်ခံထားရသည့် ဒဏ်ရာများတွေ့ရှိသည်။

## လူသားချင်းစာနာထောက်ထားမှု

**မလေးရှားမှ စားနပ်ရိက္ခာပို့ပေး**

ဒီဇင်ဘာ၁၅ရက်နေ့က မလေးရှားအစ္စလမ်အဖွဲ့အစည်းများ၏ အတိုင်ပင်ခံကောင်စီ(MAPIM)သည် ရခိုင်ပြည်နယ်ဘူးသီးတောင်၊ မောင်တောမြို့နယ်များအတွင်းရှိ မွတ်စလင်များအား လူသားချင်းစာနာထောက်ထားသော အကူအညီများပါရှိသည့်သင်္ဘောအုပ်စုတစု ပို့ပေးနိုင်ဘို့ ခွင့်ပြုချက်ရရှိရန် အာဏာပိုင်များထံ လျှောက်ထားခဲ့သည်။ ဇန်နဝါရီ ၅ရက်နေ့က မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနက မလေးရှားသံရုံးအနေဖြင့် တင်ပို့မှုအား ရပ်ဆိုင်းထားရန်နှင့် လူမှုရေးထောက်ပံ့မှုများအားလုံးကို သံတမန်လမ်းကြောင်းမှတဆင့် ခွင့်ပြုချက်ကျပြီးမှသာ ရခိုင်ပြည်နယ်အစိုးရမှ ဖြန့်ချိသွားမည်ဟု ပြောဆိုခဲ့သည်။
ဇန်နဝါရီ ၂၉ရက်နေ့က စားနပ်ရိက္ခာသင်္ဘောအား ရန်ကုန်သို့ဆိုက်ကပ်စေရန်နှင့် မြန်မာ့လူမှုဝန်ထမ်းဝန်ကြီးဌာနမှတဆင့် စားနပ်ရိက္ခာများအား မွတ်စလင်နှင့်ဗုဒ္ဓဘာသာဝင်နှစ်ဘက်လုံးအား ဖြန့်ချိပေးသွားရန်တို့ကို (MAPIM) မှလက်ခံသဘောတူပြီးနောက်တွင် မြန်မာအစိုးရက ခွင့်ပြုပေးခဲ့သည်။

**အခြားဖြစ်ပေါ်တိုးတက်မှုများ**
ဇန်နဝါရီ ၃၁ရက်။ ကမ္ဘာ့ရိက္ခာအစီအစဉ်မှ (WFP) ရခိုင်ပြည်နယ်သို့ ထောက်ပံ့မှုအကူအညီများ ပြန်လည်စတင်ပို့ဆောင်ခဲ့သော်လည်း ကျောင်းတွင်းအစားအသောက်အစီအစဉ်မှာမူ အပြည့်အဝ ပြန်လုပ်ဆောင်နိုင်မှု မရှိသေးပါ။

## ရွှေ့ပြောင်းရမှုများ

**ရိုဟင်ဂျာဒုက္ခသည်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်းရှိ ဆေးသီခေါင်ဖြားကျွန်းသို့ ပို့ ရန်ရှိ**

အောက်တိုဘာ ၉ရက် ဖြို့ခွင်းခံရမှုနောက်ပိုင်း(အောက်တိုဘာသတင်းလွှာတွင်ကြည့်ရန်) ရိုဟင်ဂျာမွတ်စလင် ၆၉၀၀၀ ကျော်သည် အကြမ်းဖက်မှုများမှ လွတ်မြောက်ရန်အတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကို ဖြတ်ကျော်ခဲ့ကြရသည်။ ဇန်နဝါရီ၁ရက်နေ့က နိုင်ငံမဲ့ရိုဟင်ဂျာဒုက္ခသည်များအတွက် မှတ်ပုံတင်ပြုလုပ်ပေးခြင်းနှင့်စိစစ်အတည်ပြုခြင်းအစီအစဉ်အပေါ်ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာသံတမန်အဖွဲ့တို့ ဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးဒေါ်အေးအေးစိုးမှ တင်းကြပ်သည့်နိုင်ငံသားဖြစ်မှုအခြေအနေကို ထပ်လောင်းအတည်ပြုခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးAH Mahmood Aliက သူ၏အစိုးရမှ ရိုဟင်ဂျာများအားပြန်ပို့ရန် အာသီသရှိကြောင်းကို အလေးပေးပြောကြားခဲ့သည်။ ဇန်နဝါရီ ၂၆ရက်နေ့က ဘင်္ဂလားဒေ့ရှ်အစိုးရမှ ရိုဟင်ဂျာဒုက္ခသည်များကို ဒေသခံများနှင့်ရောနှောနေထိုင်မှုအားတားဆီးရန်အတွက် ဘင်္ဂလားပင်လယ်အော်အတွင်း ထိရလွယ်ပြီး ရေလွှမ်းကျွန်းဖြစ်သည့် Thengar Charသို့ရွှေ့ပြောင်းချထားမှုပြုလုပ်မည်ဟုပြောခဲ့သည်။ လူ့အခွင့်အရေးအဖွဲ့များက ယင်းအစီအစဉ်အားထောက်ပြဝေဖန်ခဲ့ပြီး ယခုကဲ့သို့လုပ်ဆောင်မှုသည် အတင်းအဓမ္မပြောင်းရွှေ့မှုဖြစ်သည်ဟုပြောသည်။

**ကချင် အိုးအိမ်မဲ့ ဒုက္ခသည်များ အကြပ်အတည်းကြောင့် ထွက်ပြေးရပြန်**

ဇန်နဝါရီ ၁ဝရက်နေ့က ကချင်ပြည်နယ်ဝိုင်းမော်မြို့နယ်တွင် တပ်မတော်နှင့်ကချင်လွတ်မြောက်ရေးတပ်(KIA)တို့အကြား ပြင်းထန်သည့်တိုက်ပွဲများကြောင့် ဟုရူနှင့် ဖိုင်အောင်၊ မရူဇပ်စခန်းတို့မှ ပြည်တွင်းဒုက္ခသည်၄ဝဝဝကျော်သည် ထွက်ပြေးခဲ့ကြရသည်။ (*တိုင်းရင်းသားရေးရာနှင့် ပဋိပက္ခတွင်ကြည့်ရန်*)။ တရုတ်ရဲတပ်ဖွဲ့မှတရုတ်မြန်မာနယ်စပ်အတွင်းဖြတ်ကျော်သူ ပြောင်းရွှေ့ဒုက္ခသည်များကို လှည့်ပြန်စေခဲ့ကြောင်း နည်းဗျူဟာပူးပေါင်းလုပ်ငန်းစဉ်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဂွမ်ရှအောင်မှပြောကြားခဲ့သည်။ မြန်မာနိုင်ငံရှိ တရုတ်သံရုံးမှ ယခုကိစ္စကို ငြင်းပယ်ခဲ့ပြီး တရုတ်နိုင်ငံအတွင်း ရွှေ့ပြောင်းဒုက္ခသည်များ မဝင်ရောက်နိုင်ရန်အတွက် မြန်မာအာဏာပိုင်များမှ လုပ်ဆောင်ရန်လိုအပ်ကြောင်းပြောဆိုလိုက်သည်။တရုတ်မြန်မာနယ်စပ်မှလှည့်ပြန်လာရသည့် အိမ်ယာမဲ့များသည် ကချင်ပြည်နယ်လိုင်ဇာသို့ဦးတည်ခဲ့ကြကြောင်း ဂွမ်ရှအောင်မှ ပြောကြားခဲ့သည်။ တပ်မတော်နှင့်ကချင်လွတ်မြောက်ရေးတပ်တို့အကြား တင်းမာမှု ပိုမိုများပြားလာမှုကြောင့် အရပ်သား ၂၃ဝဝဝသည် ပြီးခဲ့သည့်ရက်သတ္တပါတ်များအတွင်း အိမ်ယာများစွန့်ပစ်ထွက်ပြေးခဲ့ရကြောင်း Fortify Rights လူ့အခွင့်အရေးအဖွဲ့မှ ပြောကြားခဲ့သည်။

**အခြားဖြစ်ပေါ်တိုးတက်မှုများ**

ဇန်နဝါရီ၉ရက်နေ့က ရှမ်းပြည်မြောက်ပိုင်း နမ္မတူမြို့နယ်ရှိ အိုးအိမ်မဲ့ရွှေ့ပြောင်းဒုက္ခများသည် အစားအစာနှင့်အမိုးအကာများ လုံလောက်မှုမရှိကြောင်း လူသားချင်းစာနာထောက်ပံ့သည့်အဖွဲ့များက ပြောကြားခဲ့သည်။

ဇန်နဝါရီ ၁ဝရက်နေ့က ရှမ်းပြည်မြောက်ပိုင်း နမ့်ဆမ်မြို့နယ်တွင် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြားတိုက်ပွဲများကြောင့်  စိန်ရောင်ခြည်ဘုန်းကြီးကျောင်းသို့ လူဦးရေ၁၅ဝခန့် ထွက်ပြေးတိမ်းရှောင်ခဲ့သည်။

(တိုင်းရင်းသားရေးရာနှင့် ပဋိပက္ခတွင်ကြည့်ရန်)

ဇန်နဝါရီ ၁၆ရက်နေ့က စိန်ရောင်ခြည်ဘုန်းကြီးကျောင်း လက်ထောက်ဆရာတော် ဦးဝိရိယမှ ရွှေ့ပြောင်းဒုက္ခသည်များအတွက် ဆေးဝါးအစားအစာနှင့်စောင်များ အရေးပေါ်လိုအပ်နေကြောင်း ပြောကြားခဲ့သည်။

## လူ့အခွင့်အရေး

---

**ကုလသမဂ္ဂအထူးကိုယ်စားလှယ်မစ္စယန်ဟီလီ မြန်မာနိုင်ငံသို့  သွားရောက်လေ့လာ။**

ဇန်နဝါရီလ၉ရက်နေ့တွင် ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စယန်ဟီလီသည် လတ်တလောဖြစ်ရပ်များကို အစိုးရသစ်တာဝန်ယူဆောင်ရွက်နေမှုအပေါ် ဝေဘန်ပြောကြားသံများရှိနေသည့်အတွက်ကြောင့် မြန်မာနိုင်ငံအတွင်းလူ့အခွင့်အရေးအခြေအနေများကိုစောင့်ကြည့်ရန် ၁၂ရက်ကြာခရီးစဉ်ကိုစတင်ခဲ့သည်။ အဖြစ်မှန်များကိုမချွင်းမချန်ပြောကြားပေးခဲ့သည့်အရပ်သားများအပေါ် လက်စားချေတုန့်ပြန်မှုများပြုလုပ်မည့်အရေးကို စိုးရိမ်ပူပန်ကြောင်း မစ္စစ်လီမှပြောသည်။ ကချင်ပြည်နယ်သို့သွားရောက်စဉ် ဒေသအခြေအနေများသည် လွန်ခဲ့သည့်နှစ်များထက်ပိုမိုဆိုးရွားကြောင်း ဒေသခံများမှပြောကြားခဲ့သည်။ သူမသည် လုံခြုံရေးအခြေအနေအရ ဆိုသောကြောင့် ကချင်ပြည်နယ်၊ လိုင်ဇာနှင့်ဖားကန့်မြို့နယ်သို့ သွားရောက်နိုင်ခွင့်မရှိခဲ့ပါ။ အာဏာပိုင်တို့ ငြင်းပယ်မှုကို နောက်ဆုံးအချိန်မှ လက်ခံရရှိခဲ့ခြင်း၊ပြည်နယ်အစိုးရနှင့်ပြည်ထောင်စုအစိုးရကြားသွားရောက်ရန်ခွင့်မပြုခြင်း အကြောင်းပြချက်မတူညီကြခြင်းတို့သည် စိတ်ပျက်ဖွယ်ရာကောင်းကြောင်းတို့ကို မစ္စလီကပြောကြားလိုက်သည်။ ရခိုင်ပြည်နယ်သို့ မစ္စလီသွားရောက်ခဲ့စဉ်တွင် အောက်တိုဘာ၉ရက်နယ်ခြားစောင့်စခန်း ၃ခုအား တိုက်ခိုက်ခဲ့မှုကိုဆန့်ကျင်ရှုတ်ချသော်လည်း(အောက်တိုဘာသတင်းလွှာတွင်ကြည့်ရန်)တုန့်ပြန်ရာတွင် အာဏာပိုင်တို့မှ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရမည်ဖြစ်ကြောင်း သူမကပြောကြားခဲ့သည်တိုက်ခိုက်မှုနှင့်ပတ်သက်၍ မသင်္ကာမှုဖြင့် ဖမ်းဆီးထားသူများထံ သွားရောက်ခဲ့ပြီး ၄၅ဝထဲမှ တစ်ယောက်သာ ဥပဒေကြောင်းအရကိုယ်စားပြုပြောဆိုခွင့်ရခဲ့ခြင်း၊ သူတို့အားမည်သည့်စွဲဆိုချက်ဖြင့်ဖမ်းဆီးထားသည်ကို မသိကြခြင်း၊ မိသားစုတော်တော်များများကို ဖမ်းဆီးမှုနှင့်ပတ်သက်၍ အသိပေးခဲ့ခြင်းမရှိခြင်းတို့ကို ပြောဆိုခဲ့သည်။ ရွာသားများနေအိမ်များမီးရှို့ခြင်းသည် ပိုမိုကောင်းမွန်သည့်အိမ်ယာများရရှိရန်လုပ်ဆောင်ခြင်း သို့မဟုတ် မြန်မာအစိုးရဂုဏ်သိက္ခာကျဆင်းစေရန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြန်မာအစိုးရပြောဆိုချက်ကို မစ္စလီမှဝေဖန်ခဲ့သည်။ ပြောဆိုရှင်းလင်းချက် နှစ်ခုလုံးသည် လက်ခံယုံကြည်နိုင်စရာမရှိသကဲ့သို့ဖြစ်နေပြီး ငြင်းဆန်ရေးမူဝါဒကြောင့် အစိုးရ၏ဂုဏ်သိက္ခာလျော့ပါးသွားစေကြောင်းပြောကြားလိုက်သည်။

တာဝန်ယူတာဝန်ခံမှုနှင့် တရားမျှတမှုရှိရေးသည် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အင်မတန်အရေးပါကြောင်းနှင့် လူထုဘဝများ မြှင့်တင်တိုးတက်ရန် လုပ်ဆောင်မည်ဆိုသည့် အစိုးရ၏ကတိကဝတ်များသည် အမှန်တကယ်လုပ်ရှားမှုများဖြင့် ပြုလုပ်ပြသရန်လိုကြောင်း မစ္စလီမှထည့်သွင်းပြောကြားခဲ့သည်။

**ကချင်သင်းအုပ်ဆရာနှစ်ဦး ထိန်းသိမ်းခံရခြင်းအား အစိုးရမှ ငြင်းပယ်ပြီးနောက် အတည်ပြု။**

ဇန်နဝါရီတွင် လူ့အခွင့်အရေးအဖွဲ့များက ခရစ်စမတ်အကြိုညက ပျောက်ဆုံးသွားခဲ့သည့် ကချင်နှစ်ခြင်းသင်းအုပ်ဆရာဒွမ်ဒေါ်နောင်လတ်နှင့် လဂျောဂမ်ဆိုင်းတို့အမှုကိစ္စကို စုံစမ်းစစ်ဆေးရန် မြန်မာအစိုးရအားတောင်းဆိုလိုက်သည်။ (ဒီဇင်ဘာသတင်းလွှာတွင်ကြည့်ရန်)တရားဟောဆရာ၂ဦးအား မြောက်ပိုင်းရှမ်းပြည်၊မူဆယ်မြို့နယ်၊ မုံးကိုးစစ်တပ်ဗျူဟာကုန်းသို့ ဖမ်းဆီးခံရွာသားများလွတ်မြောက်ရေးအတွက် ဆောင်ရွက်ရန်သွားရောက်ခြင်းကို နောက်ဆုံးတွေ့လိုက်ကြောင်းဒေသခံများကိုယ်စား ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)က ဖူးရမှ ပြောကြားခဲ့သည်။ သတင်းထောက်များကို ရွာသူရွာသားအဆောက်အဦးပျက်စီးမှုအချက်အလက်များအတွက် အကူညီပေးမှုဖြင့် မြန်မာအာဏာပိုင်များက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ရွာသားများကယုံကြည်ကြောင်း အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသားရေးအဖွဲ့မှ ပြောကြားခဲ့သည်။

ဇန်နဝါရီ၁၀ရက်နေ့က သမ္မတရုံးပြောခွင့်ရပုဂ္ဂိုလ်ဦးဇော်ဌေးက တပ်မတော်မှ ဖမ်းဆီးခဲ့ခြင်းကို ငြင်းပယ်ခဲ့ပြီး ကချင်လွတ်မြောက်ရေးတပ်မတော်မှ ခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဇန်နဝါရီ၁၉ရက်က တပ်မတော်မှ တရားဟောဆရာ၂ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ကချင်သူပုန်များအား ကူညီပေးနေသည်ဟု သံသယရှိ၍ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ တရားဟောဆရာ၂ဦးသည် ကချင်တပ်မတော်အတွက် တပ်သားသစ်စုဆောင်းရေးလုပ်ဆောင်နေကြောင်း၊ တပ်မတော်၏လှုပ်ရှားမှုများကို သူပုန်သို့သတင်းပေးနေကြောင်း၊ တပ်မတော်သိက္ခာကျဆင်းစေရန်အတွက် မှားယွင်းသည့်သတင်းများကို နိုင်ငံခြားသတင်းထောက်များသို့ပေးကြောင်းဖြင့်တပ်မတော်မှပြောကြားခဲ့သည်။ မုံးကိုးရဲစခန်းတွင် ရဲတပ်သားမရှိဟုဆိုသည့်အကြောင်းပြချက်ဖြင့် ၎င်းတို့ကိုတပ်မတော်မှအရပ်သားအာဏာပိုင်များသို့ လွှဲပြောင်းပေးအပ်ခြင်းမရှိခဲ့ပါ။ ဇန်နဝါရီ၂၄ရက်နေ့က တရားဟောဆရာ ၂ဦးအား တစ်လကြာထိန်းသိမ်းပြီးနောက် တပ်မတော်မှ မူဆယ်ရဲစခန်းသို့ လွှဲပြောင်းပေးခဲ့ပြီး ဥပဒေမညီညွတ်သည့်အသင်းနှင့် ဆက်သွယ်မှုပုဒ်မဖြင့်တရားစွဲခဲ့ကြောင်း သမ္မတရုံးပြောခွင့်ရပုဂ္ဂိုလ်ဦးဇော်ဌေးမှ ပြောကြားခဲ့သည်။

**အစွန်းရောက်ဗုဒ္ဓဘာသာသာဝင်များက မွတ်စလင်အခမ်းအနားများကိုရပ်ဆိုင်း ရဲများကြားဝင်ခြင်းမရှိ။**

ဇန်နဝါရီ ၈ရက်နေ့က ရန်ကုန်တွင်အစွန်းရောက်ဗုဒ္ဓဘာသာသာဝင်များက ပရောဖက်မိုဟာမက်မွေးဖွားခြင်းကျင်းပနေသည့် ရန်ကုန်YMCA မွတ်စလင်အခမ်းအနားကို အတင်းအကြပ်ရပ်ခိုင်းစေခဲ့သည်။ မျက်မြင်သက်သေပြောဆိုချက်အရရဲများကိုခေါ်ခဲ့ကြောင်း သို့သော်ရဲများမှ ကြားဝင်ခဲ့ခြင်းမရှိကြောင်း ပြောဆိုခဲ့သည်။

ဇန်နဝါရီ ၁၅ရက်နေ့က ရန်ကုန်အခြေစိုက်မျိုးချစ်ညွန့်ပေါင်းအုပ်စု အရပ်ဘက်အဖွဲ့ NCGမှ အလားတူ မွတ်စလင်အခမ်းအနားတစ်ခုကို ပဲခူးတိုင်းပြည်မြို့နယ်တွင် ရပ်တန့်စေခဲ့သည်။ လူထုအခြေပြုအရပ်ဖက်အဖွဲ့အစည်းများက NCG အဖွဲ့ဝင်များလုပ်ရပ်ကိုဆန့်ကျင်ကာ ဥပဒေအရအရေးယူပေးရန် တောင်းဆိုလိုက်သည်။ ၎င်းအတွက်တရားစွဲအမှုဖွင့်ရန် ပြင်ဆင်နေကြောင်း ရဲတပ်ဖွဲ့မှ ပြောကြားခဲ့သည်။

**မြန်မာနိုင်ငံ၏ အမည်ဆိုးဖြင့်ကျော်ကြားနေသည့် ဆက်သွယ်ရေးဥပဒေ ပိုမိုဖြစ်ပေါ်တိုးတက်မှုများ။**

ဇန်နဝါရီ ၆ရက်။ တာမွေမြို့နယ်တရားရုံးကEleven Media Group(EMG) အမှုဆောင်ဒါရိုက်တာနှင့် အယ်ဒီတာချုပ်အားအာမခံပေးခဲ့သည်။ EMGမှ တောင်းပန်ထားသော်ငြားဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)ဖြင့် ဆက်လက်အရေးယူခံထားရခြင်းဖြစ်သည်။ (ဒီဇင်ဘာ သတင်းလွှာတွင်ကြည့်ရန်)

ဇန်နဝါရီ ၁၇ရက်။ လူမှုကွန်ရက်တွင် တပ်မတော်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အခြားတာဝန်ရှိသူများကို တပ်မတော်မှရခိုင်ပြည်နယ်တွင် လုပ်ဆောင်ခဲ့မှုများနှင့်ပတ်သက်ပြီးဝေဖန်မှုနှင့် ၆၆(ဃ)ဖြင့်ဖမ်းဆီးထိန်းသိမ်းထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် မျိုးရန်နောင်သိန်းအား ကမာရွတ်မြို့နယ်တရားရုံးက အာမခံပေးရန်ငြင်းပယ်လိုက်သည်။

ဇန်နဝါရီ ၁၇ရက်။ လိင်ပိုင်းဆိုင်ရာပြောင်းလဲထားသည့် အလှမယ်မျိုးကိုကိုစန်းအား လူမှုကွန်ရက်တွင် ကျော်ကြားသူများအကြောင်း အတင်းစကားပြောဆိုမှုဖြင့် ရဲမှဖမ်းဆီးခဲ့သည်။ ဇန်နဝါရီ ၂၀ရက်နေ့က ရန်ကုန်တိုင်းရန်ကင်းမြို့နယ်ရဲစခန်းမှသက်သေခိုင်လုံမှုမရှိသည့်အတွက် သူမအား ပြန်လွှတ်ပေးလိုက်သည်။ ဇန်နဝါရီ ၂၃ရက်နေ့က သူမကိုလူသိရှင်ကြားပြန်တောင်းပန်ရန် တောင်းဆိုခဲ့သည်။

ဇန်နဝါရီ ၂၂ရက်။ ရန်ကုန်မြို့မဟာဗန္ဓုလပန်းခြံတွင် ဆန္ဒပြသူများက ဆက်သွယ်ရေးဥပဒေ၆၆(ဃ)အား ကန့်ကွက်ကြောင်း သွေးစည်းပြသမှုတွင် ပူးပေါင်းပါဝင်ခဲ့ကြသည်။

**အခြားဖြစ်ပေါ်တိုးတက်မှုများ**
ဒီဇင်ဘာ၂၂ရက်။ ကချင်နှင့်မီဇိုရမ်ပြည်နယ် ပရဟိတခရီးစဉ်များတွင် ဓါတ်ပုံရိုက်ကူးခဲ့မှုကြောင့် ဘာသာပေါင်းစုံလှုပ်ရှားတက်ကြွသူ၂ဦးဖြစ်သည့် ပွင့်ဖြူလတ်နှင့်ဖော်ဖော်လတ်တို့အား မတရားအသင်းအက်ဥပဒေနှင့်လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေတို့ဖြင့် ပြစ်ဒဏ်ချမှတ်ထားခြင့်ခံခဲ့ရပြီး ၎င်းတို့အယူခံဝင်မှုကို မန္တလေးတိုင်းတရားရုံးမှ ပယ်ချခဲ့သည်။

ဇန်နဝါရီ ၇ရက်။ မတရားအသင်းအက်ဥပဒေဖြင့် ဖမ်းဆီးချုပ်နှောင်ထားသည့် အဖွဲ့ခေါင်းဆောင်ကိုမင်းဌေးအားလွှတ်ပေးရန် မြန်မာနိုင်ငံလုံးဆိုင်ရာဒီမိုကရက်တစ်တပ်ဦး(ABSDF)မှ တောင်းဆိုလိုက်သည်။ ABSDF ဒုဥက္ကဌကိုမျိုးဝင်းမှ ယခုကဲ့သို့ ထိန်းသိမ်းခြင်းမှာ လက်ရှိလုပ်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်စေသည်ဟုပြောဆိုခဲ့သည်။

ဇန်နဝါရီ ၉ရက်။ ဧရာဝတီတိုင်း ပုသိမ်မြို့နယ်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပနေစဉ်အတွင်း စစ်ဆန့်ကျင်ရေးပြဇာတ်ကို အထက်တန်းကျောင်းသား၉ဦးမှ စင်တင်ပြသခဲ့သည်။ ၎င်းတို့အား ဇန်နဝါရီ ၁၇ရက်နေ့က အသရေဖျက်မှုဖြင့် တပ်မတော်မှတရားစွဲဆိုခဲ့သည်။

ဇန်နဝါရီ ၁၃ရက်။ လူ့အခွင့်အရေးလှုပ်ရှားသူ ခိုင်မျိုးထွန်းသည် ကျန်းမာရေးပြဿနာရှိနေသော်ငြား သူ၏အယူခံဝင်မှုအား စစ်တွေတရားရုံးမှ ပယ်ချလိုက်သည်။

ဇန်နဝါရီ ၂၁ရက်။ ထိုင်းရဲများ၏ရှင်းလင်းမှုစစ်ဆင်ရေးကြောင့် ဖမ်းဆီးခံခဲ့ရသည့် လိင်အလုပ်သမား ၆ဦးအတွက်တုန့်ပြန်သည့်အနေဖြင့် ကရင်နယ်ခြားစောင့်တပ် (BGF)မှ ထိုင်းခရီးသွား ၃၅ဦးအား ကရင်ပြည်နယ်၊ ဘုရားသုံးဆူရွာတွင် ခေတ္တခဏထိန်းသိမ်းထားခဲ့ကြောင်းသိရသည်။

## အမျိုးသမီးအခွင့်အရေး

### လွန်ခဲ့သည့်၂နှစ်က မုဒိမ်းကျင့်သတ်ဖြတ်ခံခဲ့ရသည့် ကချင်ဆရာမ ၂ဦးအတွက် တရားဥပဒေမဲ့နေဆဲ။

မရန်လုရာနှင့် တန်ဘောင်ခေါ်န်နန်စင်တို့အတွက် အောက်မေ့ဖွယ်အခမ်းအနားကို ရန်ကုန်၊ မူဆယ်၊ ကွတ်ခိုင်နှင့် မြစ်ကြီးနားတို့တွင် ဇန်နဝါရီ ၁၉ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်။ ၎င်းတို့၂ဦးသည် ၂၀၁၅ခုနှစ်က ရှမ်းပြည်မြောက်ပိုင်း မူဆယ်၊ ခေါင်ခါးရွာတွင် အဓမ္မပြုကျင့်ခံရပြီးနောက် အသတ်ခံခဲ့ရသော်လည်း မှုခင်းစုံစမ်းမှုများသည် ရပ်တန့်နေခဲ့သည်။ NLD အစိုးရအနေဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအတွက် ပြစ်ဒဏ်ကျခံရမှုများမရှိဘဲ ကင်းလွတ်နေခွင့်ကိုအဆုံးသပ်ပြီး တရားမျှတမှုရရှိရေးအတွက် လုပ်ဆောင်ရန် လူ့အခွင့်အရေးအဖွဲ့အစည်းများက တောင်းဆိုခဲ့ကြသည်။

**အခြားတိုးတက်မှုများ**
ဇန်နဝါရီ ၂ရက်။ ရန်ကုန်မြို့တွင် မုဒိမ်းမှုသည် ၂၀၁၆ခုနှစ်ထက် ၂ဆများလာကြောင်း ရန်ကုန်ပြည်သူ့ရဲတပ်ဖွဲ့မှ အစီရင်ခံတင်ပြခဲ့သည်။
ဇန်နဝါရီ ၃ရက်။ လိင်ပိုင်းဆိုင်ရာကာကွယ်စောင့်ရှောက်မှု အကောင်အထည်ဖော်ဆောင်ရွက်ရန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများပါဝင်ရေးသည် အလွန်အရေးကြီးကြောင်း အမျိုးသမီးအခွင့်အရေးအဖွဲ့များက ပြောကြားခဲ့သည်။

## NCA လက်မှတ်ထိုးထားသူများနှင့် နိုင်ငံတော်အတိုင်ပင်ခံ လာမည့် ငြိမ်းချမ်းရေးညီလာခံ ကိစ္စဆွေးနွေး

ဇန်နဝါရီ ၂၃ရက်နေ့က တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ထိုးအဖွဲ့ဝင်ဖွဲ့ ကိုယ်စားပြု ကော်မတီတရပ်ဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST)သည် မြန်မာပြည်မြောက်ပိုင်း ပဋိပက္ခဖြစ်ပွားရာ ဒေသတွင် တဖက်သပ်ပစ်ခပ်ရပ်စဲရေးပြုလုပ်နိုင်ရန်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ် ချုပ်မှူးကြီးမင်းအောင်လှိုင်တို့နှင့် နေပြည်တော်တွင် သီးခြားတွေ့ဆုံခဲ့ကြသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တပ်မ တော်ဦးစီးတို့မှ အပစ်အခတ်ရပ်စဲရေးတောင်းဆိုမှုအပေါ် တရားဝင်တုန့်ပြန်မှုတစုံတရာပြုလုပ်ခြင်းမရှိခဲ့ပေ။ အခြားကဏ္ဍ ဖြစ်သည့် နောက်ဆက်တွဲပင်လုံညီလာခံကို ၂၀၁၇ခုဖေဖော်ဝါရီကုန်တွင်ကျင်းပရေးအတွက် ဆွေးနွေးခဲ့ကြသည်။ ဇန်နဝါ ရီ ၂၄ရက်နေ့က NCA ပစ်ခတ်ရပ်စဲရေးလက်မှတ်မထိုးထားသည့်အဖွဲ့ ၇ဖွဲ့ ပေါင်းစည်းထားသည့် ညီညွတ်သောတိုင်းရင်း သားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC)မှ အဖွဲ့ဝင်အားလုံးကို လေ့လာသူအနေဖြင့်မဟုတ်ပဲ ပါဝင်သူအဖြစ် ဖိတ်ကြား ခြင်းခံရပါက ယခုလာမည့်ပင်လုံညီလာခံသို့ တက်ရောက်မည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။ ၂၀၁၆ခု စက် တင်ဘာလက (ဝ)ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်(UWSA) သည်"လေ့လာသူ"နာမည်ကဒ်များသာ ရခဲ့သည့်အ တွက် ပထမရက်အပြီး ဒုတိယပင်လုံညီလာခံမှ ထွက်ခွာသွားခဲ့သည်။(စက်တင်ဘာသတင်းလွှာတွင်ကြည့်ရန်)
အစိုးရသည် UNFCနှင့် ဆွေးနွေးညှိနှိုင်းရုံမျှမကဘဲ ရှမ်းပြည်မြောက်ပိုင်း ပဋိပက္ခများတွင်ပါဝင်နေသည့် မြောက်ပိုင်းမဟာ မိတ်အုပ်စုနှင့်လည်း ဆွေးနွေးရန်လိုသည်။ (နိုဝင်ဘာနှင့်ဒီဇင်ဘာသတင်းလွှာတွင်ကြည့်ရန်)
မြောက်ပိုင်းမဟာမိတ်အဖွဲ့များကအစိုးရအနေဖြင့် တွေ့ဆုံစကားပြောရာတွင်(UWSA)ကိုပါ ထည့်သွင်းရမည်ဟု အာရှရေး ရာ တရုတ်နိုင်ငံအထူးသံတမန် Sun Guoxiang နှင့် တွေ့ဆုံအပြီး ထပ်လောင်းတောင်းဆိုခဲ့သည်။
ဇန်နဝါရီ ၁၀ရက်နေ့က Sun Guoxiang နှင့် တွေ့ဆုံရာတွင် တပ်မတော်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်မှ မြန်မာ့ဒီမိုကရေ စီရေးအပြောင်းအလဲတွင် လက်နက်ကိုင်တော်လှန်မှုဖြင့် အခွင့်အရေးတောင်းဆိုမှုသည် အောင်မြင်မည်မဟုတ်ကြောင်း ပြောဆိုခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် နိုင်ငံတကာဖိအားမပါပဲ ပူးပေါင်းပါဝင်မှုက အရေးကြီးသည်ဟု ဗိုလ်ချုပ် မှူးကြီးမင်းအောင်လှိုင်မှ အလေးထား ပြောကြားခဲ့သည်။

## ဆက်တိုက်ဖြစ်နေသည့် တိုက်ခိုက်မှုများ

ဇန်နဝါရီ ၄ရက်။ တချိန်က တိုးတက်သောကရင်ဗုဒ္ဓဘာသာတပ်မတော်(DKBA-Buddhist)ကို သစ္စာခံပြီးနောက် ခွဲထွက် ခဲ့သည့်တပ်များက မြန်မာ့စစ်တပ်ခြေလျင်တပ်ရင်း ခလရ ၁၁၈ကို ပြည်တွင်းခရီးသွားများအား ဆွဲဆောင်မှုရှိသည့် ကရင် ပြည်နယ်၊ လှိုင်းဘွဲ့မြို့ ကျုံထော်ရေတံခွန်အနီးတွင် ခြုံခိုတိုက်ခိုက်ခဲ့သည်။

ဇန်နဝါရီ ၈ရက်။ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်တွင် ကချင်လွတ်လပ်ရေးတပ်မတော်(KIA)၏ အခြေခံစခန်း၄ခုအား တပ်မတော်မှ မြေပြင်၊ ဝေဟင်အင်အားအသုံးပြု၍ ထပ်မံသိမ်းပိုက်ခဲ့သည်။ လူ၄၀၀၀ခန့် တရုတ်ပြည်သို့ ထွက်ပြေးခဲ့ကြ ပြီး တရုတ်မှကချင်နယ်စပ်သို့ ပြန်လည်တွန်းပို့ခဲ့သည်။ (ရွှေ့ပြောင်းတွင်ကြည့်ရန်) တပ်မတော်သည် ပိုမိုပြင်းထန်သည့် ထိုးစစ်ဆင်မှုများဖြင့် မဟာဗျူဟာမြောက်တောင်ကုန်းစခန်း လိုင်ပေါင်နှင့် ဂိဒေါင်အပါအဝင် KIA စခန်း၇ခုကို ဒီဇင်ဘာ တွင် သိမ်းပိုက်လိုက်သည်။

ဇန်နဝါရီ ၁၀ရက်။ ရှမ်းပြည်မြောက်ပိုင်းနမ့်ဆန်တွင် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်(TNLA)မှ တပ်မတော်အခြေ စိုက်စခန်း၂ခုအား တိုက်ခိုက်ခဲ့သည်။ တပ်မတော်ဘက်မှလက်နက်ကြီးများဖြင့် တိုက်ခိုက်မှုကြောင့်လူ၂ဦးသေဆုံး၍ ၈ဦး ဒဏ်ရာရခဲ့ကြောင်းသိရှိရသည်။ ကာကွယ်ရေးဝန်ကြီးဌာနမှ သေဆုံးမှုများအတွက်တာဝန်ခံရန် ငြင်းပယ်ခဲ့ပြီး TNLA တပ် သားများက အမြောက်ကျည်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်းပြောသည်။ တအာင်းတိုင်းရင်းသား ၁၀၀ ကျော်ခန့်သည် လားရှိုးရှိ ဘုန်းကြီးကျောင်းများတွင် ခိုလှုံနေရသည်။ (ရွှေ့ပြောင်းတွင်ကြည့်ရန်)

ဇန်နဝါရီ ၁၁ရက်။ NCAတွင် လက်မှတ်ထိုးထားသည့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ် (KNLA)မှ လက်မှတ်မထိုး သည့် မွန်အမျိုးသားလွတ်မြောက်ရေးတပ် (MNLA)၏စခန်းများကို တနင်္သာရီခရိုင် ထားဝယ်မြို့နယ်တွင် နယ်မြေအငြင်း

ပွားမှုကြောင့်တိုက်ခိုက်ခဲ့သည်။ ဇန်နဝါရီ၂၅ရက်နေ့က ဒေသဆိုင်ရာအစိုးရဖြန့်ဖြူးမှုကြောင့် နှစ်ဘက်တိုင်းရင်းသားလက်နက်ကိုင်အုပ်စုတို့ သဘောတူညီမှုရရှိခဲ့ပြီး နယ်နိမိတ်သတ်မှတ်ဆုံးဖြတ်ရန် ဒုတိယအကြိမ် အစည်းအဝေးတွင် သဘောတူခဲ့ကြသည်။

ဇန်နဝါရီ ၁၈ရက်။ တပ်မတော်စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်နှင့် တပ်မ ၈လက်အောက်ခံတပ်များသည် ကချင်ပြည်နယ်တောင်ပိုင်း ဗန်းမော်ခရိုင်မန်စီမြို့နယ်တွင်းရှိ  ကချင်တပ်မဟာ ၃၏ တပ်ရင်း၁၂ စခန်းနှင့် အခြားကချင်တပ်စခန်း၂ခုကို သိမ်းဆည်းခဲ့သည်။ တိုက်ပွဲကြောင့် ဒေသခံ၂၀၀ကျော်ခန့်သည် နီးစပ်ရာရွာများသို့  ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

ဇန်နဝါရီ ၁၉ရက်။ တပ်မတော်ခလရ ၄၂၉သည် ရှမ်းပြည်တောင်ပိုင်း လွိုင်လင်ခရိုင်တွင် ကင်းလှည့်နေသည့် NCA လက်မှတ်ထိုးထားသည့် ရှမ်းပြည်တပ်မတော်တောင်ပိုင်း(SSA-South)အား ခြုံခိုတိုက်ခိုက်ခဲ့သည်။

**အခြားတိုးတက်မှုများ**

ဇန်နဝါရီ ၁ရက်။ ကချင်၊ ကရင်နီနှင့် ချင်းပြည်နယ်တို့မှအပ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၁ခုမှ လူငယ်ကိုယ်စားလှယ်၁၈ ဦးသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နေပြည်တော်တွင် ငြိမ်းချမ်းရေးစကားဝိုင်း၌ ပါဝင်ဆွေးနွေးခဲ့ကြသည်။ လူငယ်ကိုယ်စားလှယ်များက ဆွေးနွေးမှုအပေါ် စိတ်ကျေနပ်ဘွယ်ရာမရှိကြောင်းနှင့် အချိန်ကန့်သတ်မှုတို့အပေါ် မှတ်ချက်ချပြောဆိုခဲ့သည်။

ဇန်နဝါရီ ၃ရက်။ ကလိုထူးဘောကရင်အစည်းအရုံး(KKO)ဟု လူသိများသည့် ဒီမိုကရက်တစ်ကရင်အကျိုးပြု တပ်မတော် (DKBA) ခွဲထွက်အုပ်စုသည် မြောက်ပိုင်းမဟာမိတ်အဖွဲ့နှင့်ပူးပေါင်းရန် ကရင်ပြည်နယ်မှ ရှမ်းပြည်မြောက်ပိုင်းသို့ ၎င်းတို့ တပ်များအားပြောင်းရွှေ့သွားခဲ့သည်။ ဇန်နဝါရီ ၇ရက်နေ့က ယင်းအုပ်စုမှ တပ်သား၂၃ဦးသည် ကရင်ပြည်နယ် မြဝတီမြို့နယ်တွင် တပ်မတော်ထံ လက်နက်ချခဲ့သည်။

ဇန်နဝါရီ ၅ရက်။ တနင်္သာရီတိုင်း ထားဝယ်ခရိုင်တွင် မြန်မာနိုင်ငံအမျိုးသားရေးအဆင့်နိုင်ငံရေး ဆွေးနွေးပွဲမတိုင်မီ ပြည်သူညှိနှိုင်းမှုများ စတင်ခဲ့သည်။

ဇန်နဝါရီ ၆ရက်။ နိုင်ငံတကာပြဿနာအဖွဲ့မှ ကမ္ဘာ့မတည်ငြိမ်သော ပေါက်ကွဲလုနီးပါးစာရင်းဝင်နိုင်ငံ၁၀ခုတွင် မြန်မာနိုင်ငံသည် ၈ခုမြောက်အဖြစ် အဆင့်သတ်မှတ်ထားခံရသည်။ ဆီးရီးယားနှင့်အီရန်မှာ ထိပ်ပိုင်းဦးဆောင်မှုစာရင်းတွင်ရှိပြီး တူရကီ၊ ယီမင်၊ မဟာရှန်ဟာနှင့် လိတ်ချဘာဆင်၊ ဒီမိုကရက်ပြည်သူ့ကွန်ဂို၊ တောင်ဆူဒန်တို့မှာ နောက်မှလိုက်သည်။မြန်မာသည် အာဖဂန်နစ္စတန်နှင့် ယူကရိန်းကြားတွင်ဖြစ်ပြီး မက္ကဆီကိုမှာ စာရင်းနောက်ဆုံးအဆင့်တွင်ဖြစ်သည်။

ဇန်နဝါရီ ၂၄ရက်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးစင်တာ၏ ငြိမ်းချမ်းရေးရန်ပုံငွေအတွက် အစိုးရမှ အများပြည်သူထံအလှူငွေတောင်းခံအပြီး ၂ပါတ်အတွင်း ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌဦးခင်ရွှေအပါအဝင် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များမှ  ကျပ်သန်းကုဋေ၁၁သန်းကျော် (အမေရိကန်ဒေါ်လာ၈သန်း) ထည့်ဝင်ပေးခဲ့သည်။ ဇေကမ္ဘာကုမ္ပဏီလီမိတက်သည် ဆောက်လုပ်ရေးနှင့်ဆက်သွယ်ရေးလုပ်ငန်းများဖြင့် အကျိုးဖြစ်ထွန်းနေသည့် မြန်မာ့လုပ်ငန်းစုကြီးဖြစ်ပြီး မြေယာသိမ်းယူမှုများဖြင့်လည်း လူသိများသည်။

## တပ်မတော်

### တပ်မတော်သားများအား ဂုဏ်ပြုမှုကြောင့် မြန်မာနိုင်ငံသမတ အဝေဖန်ခံရ

ဇန်နဝါရီ၄ရက် လွတ်လပ်ရေးနေ့က သီဟသူရနှင့်သူရဘွဲ့တံဆိပ်ရ ၁၅ဦးအပါအဝင်ပြည်နယ်အသီးသီးမှ တပ်မတော်သား ၄၀၀ကို ၎င်းတို့ရဲစွမ်းသတ္တိအတွက်ဂုဏ်ထူးဆောင်ဆုကို သမတဦးထင်ကျော်မှပေးအပ်ခဲ့သည်။ ၎င်းနေ့မှာပင် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့ခေါင်းဆောင်အချို့၏ ငြိမ်းချမ်းရေးအပေါ် ချဉ်းကပ်မှုအမြင်ကျဉ်းမြောင်းမှုကြောင့် စစ်ရေး လှုပ်ရှားမှုကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း   ကာကွယ်ရေးဦးစီးချုပ်  ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားခဲ့

လိုက်သည်။ အစိုးရမှတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များလုပ်ဆောင်နေစဉ်တွင် ယခုကဲ့သို့ တိုင်းရင်းသားများကို တပ်မတော်မှတိုက်ခိုက်နေမှုသည် ရိုင်းပြသည့်အရွေ့ ဖြစ်ကြောင်း ဝေဖန်သူများကပြောဆိုလိုက်သည်။
တပ်မတော်ကိုအစိုးရမှအသိအမှတ်ပြုပြီးနောက်ပိုင်းတိုက်ခိုက်မှုများပိုမိုပြင်းထန်လာမည်ကိုစိုးရိမ်ကြောင်း ညီညွတ်သောတိုင်းရင်းသားများဖက်ဒရယ်ကောင်စီ(UNFC) ဒုဥက္ကဌ နိုင်ဟံသာက ပြောဆိုခဲ့သည်။

**တပ်မတော်စစ်ခုံရုံးမှ ကျောင်းသားသေဆုံးမှုအတွက် တပ်မတော်စစ်သားတွင် အပြစ်ရှိကြောင်း တွေ့ရှိခဲ့။**
၂၀၁၆ ခုနှစ် ဖွန်လအတွင်းက ဗလမင်းထင်တံတားတွင် စောင့်ကြပ်နေသည့် စစ်သားများနှင့် ကချင်အမျိုးသားအုပ်စုတို့အကြားအချင်းများခဲ့ပြီး ၁၉နှစ်အရွယ်ကျောင်းသားတစ်ဦး သေဆုံးခဲ့မှုကြောင့် တပ်ကြပ်မောင်မောင်အား ဇန်နဝါရီ ၅ရက်နေ့က မြစ်ကြီးနားမြို့ကချင်ပြည်နယ်စစ်ခုံရုံးမှ အလုပ်ကြမ်းနှင့် ထောင်ဒဏ်၂နှစ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။
ခံရသည့်မိသားစုအနေဖြင့် ပေါ့လျော့သည့်စီရင်ချက်အပေါ် ကျေနပ်မှုမရှိသည့်အတွက် ဥပဒေနှင့်လျော်ညီစွာ အမှုဖွင့်တိုင်တန်းလုပ်ဆောင်သွားမည်ဟုဆိုသည်။

## ဒီမိုကရေစီနှင့် အစိုးရ

### ဒစ်ဂျစ်တယ်မှတ်ပုံတင်ကဒ်များ ရခိုင်ပြည်နယ်တွင် စမ်းသပ်ပြီး

ဒီဇင်ဘာ ၉ရက်နေ့က ရခိုင်ပြည်နယ်စစ်တွေမြို့တွင် စက္ကူအသုံးပြုအမျိုးသားမှတ်ပုံတင်ကတ်မှ ဒစ်ဂျယ်တယ်နည်းဖြင့်သိမ်းဆည်းနိုင်သည့် စမတ်ကတ်အမျိုးသားမှတ်ပုံတင်ကတ်များ အစားထိုးအသုံးပြုရန် ရွှေ့ပြောင်းစီမံကိန်းကို အစိုးရမှစတင်ပြီဖြစ်သည်။ ဇန်နဝါရီ ၁၀ရက်နေ့က စီမံကိန်းကို ရခိုင်ပြည်နယ်ဘူးသီးတောင်မြို့နယ်သို့ ထပ်မံတိုးချဲ့ခဲ့သည်။ အဆိုပါစီမံကိန်းသည် လာမည့်ရက်များအတွင်း မောင်းတောမြို့နယ်တွင်လုပ်ဆောင်ပြီးစီးသွားမည်ဖြစ်သည်။
ရွှေ့ပြောင်းစီမံကိန်းတွင်ပါဝင်သူများကိုစိစစ်ပြီးနောက် နိုင်ငံသားဖြစ်မှုအတည်ပြုပြီးမှ စမတ်ကတ်များကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးဌာန ညွှန်ကြားရေးမှူးချုပ်အေးလွင်က ပြောဆိုခဲ့သည်။ ရဲစခန်း၃ခုအားအမည်မသိသူများက တိုက်ခိုက်ခဲ့ပြီးနောက် နောက်ဆက်တွဲ တပ်မတော်၏ရှင်းလင်းစစ်ဆင်ရေးကြောင့် မောင်းတောနှင့်ဘူးသီးတောင်မြို့နယ်၂ခုလုံးတွင် ပဋိပက္ခနှင့်ရွှေ့ပြောင်းမှုများကို ရင်ဆိုင်နေသည်။ (အောက်တိုဘာနှင့်နိုဝင်ဘာသတင်းလွှာတွင်ကြည့်ရန်) နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်လည်း ရွှေ့ပြောင်းစီမံကိန်းသည် အကျုံးဝင်မည်ဖြစ်သည်။

**အခြားတိုးတက်မှုများ**
ဇန်နဝါရီ ၃ရက်။ ပါလီမန်ပြည်သူ့တိုင်ကြားရေးကော်မတီဥက္ကဌ ဦးစန်းမြင့်က ၂၀၁၆ခုနှစ်တွင် ကော်မတီမှ တိုင်ကြားချက် ၄၀၀၀နီးပါးလက်ခံရရှိကြောင်း ထက်ဝက်ကျော်မှာ တရားရုံးဆုံးဖြတ်ချက်များကို မကျေနပ်ခြင်း၊တရားရေးဝန်ထမ်းများ၏အကျင့်ပျက်ခြစားမှုစွပ်စွဲချက်များနှင့် တရားစီရင်ရေးလုပ်ငန်းများနှေးကွေးမှုတို့ဖြစ်သည်။ အစိုးရဝန်ကြီးဌာနနှင့်ဌာနဆိုင်ရာများနှင့် ပတ်သက်သည့် အဖြစ်အပျက်များကြောင့် စစ်တပ်ဦးစီးသည့် ပြည်ထဲရေးဝန်ကြီးဌာနမှ တိုင်ကြားချက်အများဆုံး လက်ခံရရှိခဲ့သည်။

ဇန်နဝါရီ ၇ရက်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ အတွင်းရေးအကဲဖြတ်ကော်မတီတစ်ခုကို အကြီးတန်းပါတီအဖွဲ့ဝင်ဦးဝင်းထိန် ဦးဆောင်ပြီးဖွဲ့စည်းပေးခဲ့သည်။ အဖွဲ့ဝင်၆ဦး ပါသည့်ကော်မတီသည်တိုင်းပြည်တဝှမ်းရှိ ဥပဒေပြုအမတ်များ၊ပါတီဝင်များကိုစောင့်ကြည့်သွားမည်ဖြစ်သည်။ လုပ်ငန်းစွမ်းဆောင်မှုအားနည်းနေသည့်အဖွဲ့ဝင်များနှင့် ပါလီမန်အမတ်များကို လိုအပ်သည့်သင်တန်းများ ပို့ချသွားမည်ဖြစ်သည်။

ဇန်နဝါရီ ၂၇ရက်။ နိုင်ငံတကာအကျင့်ပျက်ခြစားမှု အမြင်ဆိုင်ရာအညွှန်းကိန်းတွင် ၁၇၆နိုင်ငံအနက် မြန်မာနိုင်ငံသည်အဆင့် ၁၃၆တွင်ရှိပြီး နိုင်ဂျီးရီးယား၊ လက်ဘနွန်၊ ကာဂျစ္စတန်နှင့် ဂွာတီမာလာနိုင်ငံတို့နှင့် အဆင့်တူပင်ဖြစ်သည်။

ဇန်နဝါရီ၂၇ရက်။ လူမျိုးနှင့်ဘာသာတရားစောင့်ရှောက်ရေးဥပဒေပြင်ဆင်ချက်အသစ်ကို ဗုဒ္ဓဘာသာအမျိုးသားရေးအဖွဲ့မှ လက်မခံကြောင်း မဘသဗဟိုကော်မတီဝင်မောင်သွေးချွန်က ကြေညာခဲ့သည်။
အစိုးရအနေဖြင့် မလိုလားအပ်သည့်အကျိုးဆက်များနှင့် ပြဿနာများကို ရင်ဆိုင်ရဖွယ်ရှိမည်ဟုလည်း မောင်သွေးချွန်က သတိပေးလိုက်သည်။အကယ်၍လွှတ်တော်မှ ဆက်လုပ်ရန်ကြိုးပမ်းခဲ့ပါက နိုင်ငံနှင့်အဝှမ်း ပြည်သူများလမ်းပေါ်သို့ ထွက်လာလိမ့်မည်ဟုဆိုခဲ့သည်။

## လွှတ်တော်စောင့်ကြည့်ရေး

### မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ပြင်ဆင်ချက်များလွှတ်တော်သို့ တင်သွင်း

ဇန်နဝါရီ၆ရက်နေ့က အမျိုးသားစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေဆိုင်ရာအကြံပြုပြင်ဆင်ချက်များကို အောက်လွှတ်တော်သို့ တင်သွင်းခဲ့သည်။ မြန်မာကုမ္ပဏီများပြင်ဆင်ခြင်းအက်ဥပဒေအဆိုပြုချက်တွင် ရန်ကုန်စတော့အိတ်ချိန်းတွင် နိုင်ငံခြားသားများအစုရှယ်ယာဝယ်ယူခွင့်ကို ပထမဦးဆုံးအကြိမ်ခွင့်ပြုမည်ဖြစ်သည်။ အဆိုပါမူကြမ်းပြင်ဆင်ချက်သည် အသေးစားလုပ်ငန်းနှင့် မိသားစုပိုင်စီးပွားလုပ်ငန်းများအတွက် လိုအပ်ချက်များရိုးရှင်းစေရန် လုပ်ဆောင်ခြင်း၊ ကော်ပိုရိတ်စီမံမှုစံချိန်စံညွှန်းတိုးတက်မှုနှင့် ခေတ်မမီသည့်စည်းမျဉ်းများကို ဖယ်ရှားရန်ဖြစ်သည်။

## စီးပွားရေး

### ရန်ကုန် ဘတ်စ်ကားလိုင်းစနစ်သစ် မိတ်ဆက်

ဇန်နဝါရီ ၁၆ရက်နေ့က ရန်ကုန်ဘတ်စ်ကားဝန်ဆောင်မှု (YBS) ကို ပုံမှန်ဘတ်စ်ကားလိုင်းများ၊ အချိန်ဇယားနှင့် ယာဉ်မောင်းလစာတို့ဖြင့် မြန်မာပြည်တွင်မိတ်ဆက်ဖွင့်လှစ်ခဲ့သည်။ YBSသည် မထသဟုလူသိများသည့် ရန်ကုန်မော်တော်ယာဉ်များကြီးကြပ်ရေးကော်မတီ ဘတ်စ်ကားစနစ်ဟောင်းနေရာကို အစားထိုးခဲ့ခြင်းဖြစ်သည်။ စနစ်သစ်အရ မထသအောက်မှပြေးဆွဲနေသည့် ဘတ်စ်ကားများသည် ဆက်လက်ပြေးဆွဲရန်အတွက် ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA)သို့ မှတ်ပုံတင်ရမည်ဖြစ်သည်။ YBS စတင်လုပ်ဆောင်စဉ်က မလုံလောက်သောဘတ်စ်ကားအရေအတွက်ကြောင့် ကျပ်သပ်သောဘတ်စကားစီးသူဦးရေကိုဖြစ်ပေါ်စေပြီး၊ ကြန့်ကြာနှောင့်နှေးမှုနှင့် ပြည်သူပိုင်ကားများ နည်းပါးခြင်းရလာဒ်တို့ကို ကြုံတွေ့ရသည်။ အစိုးရမှ လိုအပ်မှုကိုဖြည့်ဆည်းရန်အတွက် ဘတ်စ်ကားစီးရေပေါင်း၁၀၀၀ကျော် တင်သွင်းမည်ဖြစ်ကြောင်း YRTA အတွင်းရေးမှူးမောင်အောင်မှ ပြောကြားခဲ့သည်။

### အခြားတိုးတက်မှုများ

ဇန်နဝါရီ ၁၂ရက်နေ့က စတုတ္ထနှင့်နောက်ဆုံးဆက်သွယ်ရေးလိုင်စင်များကို Viettelနှင့် ဖက်စပ်စီးပွားရေးလုပ်ငန်းအဖြစ် မြန်မာအမျိုးသားတယ်လီကွန်းနှင့် အမြင့်ဆုံးကြယ်ပြည်သူ့ကုမ္ပဏီတို့အား ချပေးခဲ့သည်။ မြန်မာနှင့်ဗီယက်နမ် စစ်ဘက်မှထိန်းချုပ်ထားသည့် စီးပွားရေးလုပ်ငန်းများဖြင့် လုပ်ဆောင်သည့် ယခုဖက်စပ်လုပ်ငန်းသည် ပုံမှန်မဟုတ်သည့် ပူးပေါင်းလုပ်ဆောင်မှုတခုဖြစ်သည်။ Viettelသည် ဗီယက်နမ် ကာကွယ်ရေးဝန်ကြီးဌာနပိုင် ကုမ္ပဏီဖြစ်ပြီး အမြင့်ဆုံးကြယ်ပြည်သူ့ကုမ္ပဏီသည် စစ်တပ်ပိုင်မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ လက်ဝေခံဖြစ်သည်။ ကုမ္ပဏီ၏ဝန်ဆောင်မှုလုပ်ငန်းကို ၂၀၁၈ခုနှစ်တွင် စတင်မည်ဖြစ်သည်။

ဇန်နဝါရီ ၂၀ရက်နေ့က ပထမပုဂ္ဂလိကဘဏ်(FPB)သည် ရန်ကုန်စတော့အိတ်ချိန်း(YSX)တွင်ကုန်သွယ်မှုစတုတ္ထမြောက်ကုမ္ပဏီတစ်ခု ဖြစ်လာခဲ့သည်။

## သဘာဝအရင်းအမြစ်များ

### မြန်မာနိုင်ငံသည် ၂၀၁၇ အတွက် အစီရင်ခံစာမတင်နိုင်ခဲ့လျှင် EITI အဖွဲ့မှရပ်ဆိုင်းခံရဘွယ်ရှိ

ဒုတိယအစီရင်ခံစာကို ၂၀၁၇မတ်လကုန်တွင် တင်သွင်းရန်ပျက်ကွက်ခဲ့လျှင် တွင်းထွက်သယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေးစက်မှုလုပ်ငန်းပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး(EITI)ဘုတ်အဖွဲ့မှ မြန်မာနိုင်ငံအား ရပ်ဆိုင်းမည့်အရေးအား စိုးရိမ်ပူပန်မှုများရှိနေသည်။ EITI သည် သဘာဝသယံဇာတအရင်းအမြစ်များနှင့် ၎င်းတို့အား ထုတ်လုပ်နိုင်ခြင်း အပေါ်မှအစိုးရမှဝင်ငွေမည်မျှရရှိမှု၊ ထုတ်ယူခြင်းနှင့်ကုမ္ပဏီများ ပါဝင်ပတ်သက်မှုတို့ကိုဖော်ပြရန်အတွက် စီစဉ်လုပ်ဆောင်မှုတခုဖြစ်သည်။ ၂၀၁၆ ခုနှစ်အစောပိုင်းတွင် အစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်များပါဝင်သည့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့(MSG)ကို ဖွဲ့စည်းခဲ့ပြီး ပထမ EITI အစီရင်ခံစာကို ပြင်ဆင်တင်သွင်းခဲ့သည်။
မည်သို့ဆိုစေ NLD အစိုးရသစ်အနေဖြင့် MSGကိုပြန်လည်ပြင်ဆင်ဖွဲ့စည်းနိုင်ခြင်း မရှိသေးပေ။ NLDကတိကဝတ်ပြုထားသည့် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို စဉ်းစားကြည့်လျှင် EITIမှရပ်ဆိုင်းခံထားရမှုသည် ရှက်ဖွယ်ကောင်းကြောင်း အရပ်ဘက်လူမှုအဖွဲ့အစည်း MSG အဖွဲ့ဝင် မမိုးမိုးထွန်းမှ ပြောကြားခဲ့သည်။

**တနင်္သာရီတိုင်းစာအုန်းဆီထုတ်လုပ်မှု ဒေသခံအသက်မွေးဝမ်းကျောင်းအား ထိခိုက်။**
ဒေသခံအရပ်ဘက် လူမှုအဖွဲ့အစည်းများမှ အစိမ်းရောင်ကန္တာရခေါင်းစဉ်ဖြင့် ပူးပေါင်းထုတ်ပြန်သော အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ တနင်္သာရီတောင်ပိုင်းတွင် ၁.၈သန်းဧကထက်ပိုသည့် ဆီအုန်းစိုက်ခင်းများကြောင့် မြေယာအငြင်းပွားမှု၊ အသက်မွေးဝမ်းကျောင်းပျက်စီးမှု၊ ဇီဝမျိုးကွဲများဖျက်ဆီးခံရမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများဖြစ်စေခဲ့ကြောင်း သိရှိရသည်။
အဆိုပါအစီရင်ခံစာသည် မြန်မာအစိုးရမှ မြေလွတ်များဟု မှားယွင်းစွာသတ်မှတ်ဖော်ပြခဲ့သည့် ကျေးရွာ၄ရွာမှပြည်သူများ ပိုင်စိုက်ပျိုးမြေများဖြစ်သည့် ဧက၃၈၉၀၀ကို Myanmar Start Prestige Plantation Project (MSPP) စီမံကိန်းမှယူထားကြောင်းအား မီးမောင်းထိုးပြထားသည်။

## နိုင်ငံတာဆက်ဆံရေး

**မြန်မာနိုင်ငံသို့ လက်နက်ရောင်းချမှု အစ္စရေးတက်ကြွလှုပ်ရှားသူများ တရားခွင်သို့တက်။**
ဇန်နဝါရီ ၁၉ရက်နေ့က အစ္စရေးလူ့အခွင့်အရေးလှုပ်ရှားတက်ကြွသူများက လူသားမျိုးနွယ်အား ဆန့်ကျင်သည့်ပြစ်မှု၊ စစ်ရာဇဝတ်မှုနှင့်လူ့အခွင့်အရေးချိုးဖောက်မှုများအားတိုးမြင့်ဆောင်ရွက်ရာတွင် အသုံးပြုမည်ဟုယူဆရသည့် စစ်တပ်ပို့ကုန်များကို အစ္စရေးမှ ခွင့်မပြုနိုင်ကြောင်း အရေးပေါ်လျှောက်ထားချက်စာတစ်စောင်ကို တရားရုံးချုပ်သို့တင်သွင်းခဲ့သည်။
၂၀၁၆ခု ဒီဇင်ဘာက ရှမ်းနှင့်ကချင်ပြည်နယ်တို့တွင် တိုင်းရင်းသားလူနည်းစုများအား ဆန့်ကျင်သည့် စစ်ပွဲများဖြစ်ပွားနေနှင့် ရခိုင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများပြုလုပ်နေစဉ်အတွင်း တပ်မတော်အား စစ်လက်နက်ရောင်းချခြင်းကိုရပ်ဆိုင်းဖို့ အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန ပို့ကုန်ထိန်းချုပ်ရေးဌာနအကြီးအကဲ Racheli Chenထံ အစ္စရေးလူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများက စာတစ်စောင်ရေးပို့ခဲ့သည်။ မြန်မာနိုင်ငံသို့စစ်ပစ္စည်းတင်ပို့မှုကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးမှ ဇန်နဝါရီ ၈ရက်နေ့က ပြောကြားလိုက်သည်။

## REPORTS

**"End of mission statement by Special Rapporteur on the situation of human rights in Myanmar"** UNOHCHR **https://goo.gl/AJYkyU**

**"Interim Report of the Investigation Commission on Maungtaw"** President Office, The Republic of the Union of Myanmar **https://goo.gl/GQDR2J**

**"Myanmar: Dooplaya Incident Report: Rape and Killing of a teenage girl in Kawkareik Township, August 23rd 2016"**Karen Human Rights Group **https://goo.gl/ZC61IQ**

**"Myanmar: Hpapun Interview: Naw M---, February 2015"** Karen Human Rights Group **https://goo.gl/Af1kRt**

**“Myanmar: Humanitarian Bulletin, Issue 4 | October 2016 - January 2017”** UN Office for the Coordination of Humanitarian Affairs **https://goo.gl/yAo4Mp**

**“Myanmar: Toungoo Field Report: Slow transitions towards real change, January to December 2015”** Karen Human Rights Group **https://goo.gl/cR7vl3**

**“Peace is Living with Dignity: Voices of Communities from Myanmar’s Ceasefire Areas in 2016”** Centre for Peace and Conflict Studies **https://goo.gl/2aiqwY**

**“The Soldier, Above All Others, Prays for Peace: An analysis of the Myanmar armed forces in an era of transition”** Centre for Peace and Conflict Studies **https://goo.gl/cZltqh**

**“WFP Myanmar Country Brief, December 2016”** World Food Programme **https://goo.gl/rTMafL**